## (၂) **ကြံမှိုနှံ့ရောဂါ (Whip Smut)**

**ရောဂါဖြစ်စေသောသက်ရှိ -** Sporisorium scitamineum (Syd.) M. Piepenbr., M. Stoll & Oberw. (***Ustilago scitaminea Syd.***)

### ရောဂါလက္ခဏာ

ရောဂါကျရောက်ပါက ကြံပင်ထိပ်ဖျားပိုင်းအဖူးနေရာမှ အမဲရောင်မှိုမှုန်များ ဖုံးလွှမ်းနေသော နှင်တံ(ကြာပွတ်) သဏ္ဍာန် ကြံမှိုနှံ့ထွက်နေသည် ကိုတွေ့ ရသည်။ ကြံပင်၏ဘေး တဖက်တချက်မှလည်း ကြံမှိုနှံ့ ဖေါက်ထွက်တတ်သည်။





### ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပါ။
- ရောဂါကင်းသော ကြံမျိုးပိုင်းကို သုံးစွဲပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များအား မီးရှို့ဖျက်ဆီးပါ။
- ရောဂါကျကြံခင်းအားလမိုင်းမထားပါနှင့်။
- မျိုးဆစ်ပိုင်းများအား Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Tebuconazole (တက်ဗျူကိုနာဇိုး) ဆေးဖျော် ရည်တွင်စိမ်ပြီးမှ စိုက်ပျိုးပါ။

- ရောဂါကျရောက်ပါက Propiconazole (ပရိုပီကိုနာဇိုး)၊ Tebuconazole (တက်ဗျူကိုနာဇိုး)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း) စသော မှိုသတ်ဆေးများ အသုံးပြုပက်ဖျန်းပါ။